
ဦးသိုင်းကြောင်းတယ်!

# ဂိုးသွင်းကောင်းတဲ့ မြန်မာ့ ဒီမိုကရေစီ
# (မှူးသစ်ရဲ့ မူးရစ်သရော်စာများ)

## မူးရစ်အတွက် အထူးဖြစ် မေတ္တာစာ
## (ဆရာ သစ္စာနီ၏ အမှာစာ)

(၁)

ရသကိုးပါးတွင် မြန်မာတွေအကြိုက်ဆုံးရသမှာ ဟာသရသဟု ထင်သည်။ ဟာသရုပ်ရှင်တွေ ဝက်ဝက်ကွဲ အောင်မြင်တတ်သည်။ အငြိမ့်တွင် အဓိကအသက်မှာ လူပြက်ဖြစ်သည်။ ဖိုက်စတား၊ သီးလေးသီး၊ ဟားငါးကောင် စသဖြင့် ပါဝင်သော ညလူပြက်များကိုသာကြည့်ကာ ငှားကြသည်။ ပါဝင်ကပြမည့် မင်းသမီး ဘယ်သူတွေဆိုတာပင် မေးဖော်မရ။ ဘယ်သူ က,ကပေါ့(အရေးမကြီး)။ ဒီလူပြက်တွေပါရင် တော်ပြီ။

သို့သော်

ယခုအခြေအနေအတိုင်း သုံးသပ်ရသော် ဟာသစာပေတွေမှာ ဈေးကွက်မဝင်။ ဟာသမဂ္ဂဇင်းတွေ တစ်အုပ်တစ်အုပ် ရပ်ဆိုင်းကုန်သည်။ လူဇော်သစ်၏ 'ရယ်စရာမဂ္ဂဇင်းသာ' ဖုတ်လှိုက်ဖုတ်လှိုက် အသက်ဝင် နေ၏ ။ ဟာသစာအုပ်တွေလည်း (အကြည်တော်၊ နီကိုရဲတို့ကလွဲလို့) မရောင်းရ။ ပဉ္စမံဒီရိုင်း၊ မိုးစက်ဝိုင်(အလှမယမမဟုတ်၊ စာရေးတဲ့ အောင် လတ်)၊ တင်မြင့်ဦး သံတွဲ စသဖြင့် ဟာသဝတ္ထုတွေ ရေးကြသည်။ နှစ် အတော်ကြာကြာက ကျွန်တော် ရွှေပြည်စိုးနာမည်နှင့် ရေးဖူးသည်။ မအောင် မြင်။ ၇ အုပ်နှင့် ရပ်လိုက်ရသည်။ လေးငါးနှစ်ကလည်း 'ဝိဇယ'အမည်ဖြင့် ရေးပြန်သည်။ ၇ အုပ်နှင့် ရပ်ရသည်။ မအောင်မြင်။ သို့သော် မဂ္ဂဇင်း၊ ဂျာနယ်တွေက သရော်စာ အတိုအထွာကလေးတွေတော့ တောင်းတတ်၏ ။ ဖြုတ်စဖြင်းတောင်း ရီဗျူး၊ ထွေရာလေးပါး ဋ္ဌီကာ၊ ဇဝံမေ သုတံ စသဖြင့်။ နောက်တော့ မူယာပုံပြောမယ်၊

နှပ်ချေးခန်း၊ ပုံပြင်ထဲ မှာ လမ်းလျှောက်ခြင်း စသဖြင့် အတော်များများ ရေးဖြစ်သည်။ အဲဒါ တွေကို စုစည်းကာ လုံးခြင်းပြတ်ထုတ်တော့ အတော်အတန် ရောင်းရသည်။

နောက်ပိုင်းရေးသားသော လူငယ်တွေထဲတွင် သူရဿဝါနှင့် မူးရစ် ကို ကျွန်တော် သဘောကျသည်။ (မူးရစ်သည် မှူးသစ်ဆိုတဲ့သူဖြစ်ကြောင်း ကျွန်တော် သိသည်။) ထူးခြားတာက သရော်စာ ရေးကြတော့ သူရဿဝါ ရော မှူးသစ်ပါ လူငယ်ကဗျာဆရာတွေ ဖြစ်နေသည်။ ကဗျာဆရာများ သည် ဘဝ(လောက)ကို လေးလေးနက်နက် ရှုမြင်တတ်ကြသည်။ ထိုသို့ ရှုမြင်မှ ဘဝဟာသကို တွေ့ရတတ်သည်။ ဟာသဆရာဆိုသူများမှာ ဘဝကို လေးလေးနက်နက် ရှုမြင်တတ်ကြသူတွေဖြစ်သည်။

## (၂)

ကျွန်တော်သည် ဝတ္ထု၊ ကဗျာ၊ သိပ္ပံ၊ ဘာသာရေး၊ ဝေဖန်ရေး၊ နိုင်ငံရေး စသဖြင့် စာအစုံရေးရာတွင် ရေးရအခက်ဆုံးမှာ ဟာသစာပေဟု သိလာရသည်။ ဟာသစာပေအမျိုးအစား များစွာရှိရာတွင် သရော်စာက ပိုခက်သည်ဟုထင်သည်။ မြန်မာစာပေ ဂန္ထဝင်အကျော်အမော်ကြီးများမှာ သရော်စာ မရေးဖူးသူ ခပ်ရှားရှား။ သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချို၊ ပီမိုးနှင်း(ပိုက်ဆံကြီး)၊ သိန်းဖေမြင့်(ဦးစော ဘိလတ်သွား....) မန်းတင်၊ အောင်ဆင်၊ ဦးညိုမြ၊ ဇနေ၊ မောင်သော်က၊ မောင်ကိုယု၊ စောဦး၊ တပ်ကြပ် အောင်ထူး၊ အီကြာကွေး စသဖြင့်။ ဟာသရေးတတ်သူတိုင်း လည်း သရော်စာ ရေးတတ်သည်မဟုတ်။

မှူးသစ်ခေါ် မူးရစ်သည်ကား သရော်စာရေးရာတွင် အဆင့်အတန်း ရှိသူဖြစ်ကြောင်း သူ၏ ကဗျာလွှတ်တော်အတွဲက သက်သေခံသည်။ ကိုယ်နှင့် ဒီခေတ်ရေးဖော်ရေးဖက်များကို ကျီစယ်သည့်စာမျိုးရေးရာ၌ သော်တာဆွေသည် ထူးချွန်သည်။ တင့်တယ်၊ ဒဂုန်တာရာ၊ ကြည်ပြာ၊ ဂျာနယ်ကျော် မမလေး၊

ဆူးကလောင်လက်၊ ........သူရှားသည်။ နောက် ပိုင်း မင်းလူရေးတာတွေလည်း ကောင်းသည်။ ကာယကံရှင်ကိုယ်တိုင် စိတ်ဆိုးစရာ ရှာမတွေ့ဘဲ ဖတ်၍ ပြုံးနိုင်ဖို့လိုသည်။ တချို့က သရော်စာ မျက်နှာဖုံးရှင်က ကိုယ်မလိုလားသူများကို အပုတ်ချ စော်ကားသော စာမျိုး ရေးလေ့ရှိသည်။ စေတနာကောင်းပေါ် အခြေမခံ။ သိတာမြင်တာပါသည်။ မှုူးသစ်ကား ထိုအပြစ်မျိုး ကင်းသည်။ ဤစာအုပ်တွင် ဆောင်းပါးပုံစံ အများစုဖြစ်သော်လည်း ဝတ္ထုတို၏ ယူဆနိုင်သော စာတချို့လည်း ပါနေ သည်။

ယနေ့ သရော်စာရေးသူ ရေးနိုင်သူ ရှားပါးနေသော ကာလဖြစ်သည်။ အထူးသဖြင့် ယခု မူးရစ်ရေးသော နိုင်ငံရေးသရော်စာလိုစာမျိုး၊ နိုင်ငံရေးနဲ့ ပတ်သက်သော အတွေးအမြင်အခြေခံမရှိပဲ ရေး၍ မဖြစ်။ ထိုကဲ့သို့ ရှားပါး သော သရော်စာရေးသူစာရင်းတွင် မူးရစ်တစ်ယောက်တိုးလာတာကို ကျွန်တော့်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုစရာသာ ရှိပါတော့သည်။

**လူသားအားလုံး ရယ်မောနိုင်ပါစေ**

**သစ္စာနီ**

**ဖေဖော်ဝါရီ ၇၊ ၂၀၁၅**

*

## သရော်စာရေးသော လူငယ်တစ်ဦးအတွက် ဝါကျများ
## (ဆရာ ပဥ္စမ္ဗမ်ဒီရိုင်း၏ အမှာစာ)

စာပေသမိုင်းတွင် သရော်စာရေးသားသော စာရေးဆရာများ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည်။ စပိန်နိုင်ငံသား 'ဆာဗန်တီး'၏ 'ဒွန်ကီး ဆုတ်' ဝတ္ထုရှည်၊ အင်္ဂလန်နိုင်ငံသား 'ဂျိုနသန်ဆွစ်' ၏ 'ဂါလီဗာ ခရီး စဉ်' ဝတ္ထုရှည်တို့မှာ ထင်ရှားသလို ပြင်သစ် ဒဿနပညာရှင်နှင့် စာရေး ဆရာ 'ဗော်လဲတဲယား' ၏ 'အကောင်းမြင်သမား' တို့မှာ ထင်ရှားသော ကမ္ဘာ့ဂန္ထဝင် သရော်စာဝတ္ထုရှည်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်လည်း သရော်စာ အရေးသားကောင်းသူ များစွာရှိကြသည်။ ဆရာမောင်ထင် သည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ သရော်စာ ဖန်တီးသူများသည် ခေတ်၏ ဖြစ်ပေါ်နေသော အခြေအနေကို ရှုမြင်ပုံ ထောင့်တစ်ထောင့် တစ်နေရာကနေ ရေးသားဖော်ပြကြခြင်းဖြစ်သည်။ သူတို့ဖန်တီးသော လက်ရာများတွင် လူ့အဖွဲ့အစည်းကြီးကို အကျိုးပြုလိုသော ရည်ရွယ်ချက် ကောင်းများစွာပါဝင်ပါသည်။

မြန်မာနိုင်ငံ၏ စစ်အစိုးရလက်ထက်တွင် စာပေစိစစ်ရေးခေတ်ကာလ မှာ သရော်စာရေးသားသူများ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ပေါ်ထွက်လာ ခဲ့ပါသည်။ စစ်အစိုးရ၏ မတရားမှုများကို တိုက်ရိုက်မရေးဘဲ သွယ်ဝိုက် ကာ ရေးသားလာခဲ့ကြသည်။ ယခု ပွင့်လင်းမြင်သာလာသောခေတ်တွင် လည်း သရော်စာ ရေးသားသူများက ရေးသားနေဆဲဖြစ်သည်။

ယခု မိမိရေးသားနေသော အမှာစာမဟုတ်သော အမှာစာတွင် 'မှူးသစ်' ဆိုသော လူငယ်ကလောင်ရှင်၏ သရော်စာလက်ရာများကို ဖတ်ရှုရပါလိမ့် မည်။ သူသည် လူငယ်တစ်ဦးဖြစ်သည်။ လူငယ်ပီပီ စိတ်ကူးကြွယ်သည်။ ဇအမှန်တရားကို မြတ်နိုးသည်။ ယနေ့ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ။ အဖြစ်အပျက်တို့ကို သရော်ချင်သည်။ ထို့ကြောင့် သူသည် ပုံမှန် ရေးနေကျ 'မင်းသူ' ဆိုသော ကလောင်ခွဲ၏ 'မှူးသစ်' ဆိုသော အမည်နာမဖြင့် မြန်မာနိုင်ငံရေးအခြေအနေ၊

လူမှုရေး၊ စီးပွားတို့ကို သရော်စာဖြင့် စာမျက်နှာ များပေါ်တွင် ရင်ဖွင့်အန်ချပါတော့သည်။

စာရေးဆရာတစ်ဦးက စာရေးဆရာတစ်ဦးကို ထောက်ခံပေးရုံဖြင့် မည်ကဲ့သို့မှ အနုပညာတွင် မအောင်မြင်နိုင်ပါ။ ထိုနည်းအတူ 'မှူးသစ်' ကိုလည်း ကျွန်တော် ထောက်ခံပေးရုံဖြင့် မရနိုင်ပါ။

'မှူးသစ်' ဖန်တီးသော အနုပညာလက်ရာမြောက်မှသာလျှင် အနုပညာ တန်ဖိုးမြောက်မှာဖြစ်ပြီး သူ့ကလောင်တစ်ချောင်းသည်လည်း စာပေနယ် မှာ ထင်ကျန်ရစ်ပါလိမ့်မည်။ သူ့အနုပညာလက်ရာများ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကို အဆုံးဖြတ်ပေးမည့်သူမှာ စာဖတ်ပရိသတ်သာဖြစ်ပါသည်။ အနုပညာဖန်တီးရင်း 'မှူးသစ်' အောင်မြင်ပါစေ

**ပဥ္စမံဒီရိုင်း**

**၂၅-၁-၂၀၁၅**

*

# ဂိုးသွင်းကောင်းသူများ




ပွဲစဉ်ပြီးဆုံးဖို့ နီးလာလေလေ မြန်မာမရေမရာလိဂ်ကြီးမှာ အကြိတ်

အနယ်ရှိလာလေဖြစ်သည်။

အမှတ်ပေးဇယားထိပ်ဆုံးနေရာအတွက် ယှဉ်ပြိုင်မှုမှာ သည်းသည်းမဲမဲ ဖြစ်လာလေ၏ ။ အင်တိုက်အားတိုက်ယှဉ်ပြိုင်မှုများက ကြည့်ရှုသူပရိသတ် တွေကို ရင်သပ်ရှုမော ဖြစ်စေသည်။

တကယ်တော့ ထိပ်ဆုံးနေရာအတွက် အဓိကယှဉ်ပြိုင်နေရသော အသင်းမှာ အများကြီးမရှိလှ။ နှစ်သင်းသာ ရှိလေ၏ ။ ထိုနှစ်သင်း၏ ပြိုင်ဆိုင်မှုမှာ လွန်စွာပြင်းထန်သည်ဟု ဆိုနိုင်သည်။

ထိုအသင်းတွေကား တခြားအသင်းများမဟုတ်။ ဘာညာပြောင်ရှင်း အသင်းနှင့် ဒီမိုမယ်တင်အသင်းတို့ ဖြစ်လေသည်။ လတ်တလော အသာစီး ယူထားသောအသင်းမှာ ဘာညာပြောင်ရှင်းအသင်း ဖြစ်သည်။

နှစ်ပေါင်းနှစ်ဆယ်လောက် ကွာဟနေသော ရမှတ်ကွာဟချက်အား လက်ကျန်နှစ်နှစ်အတွင်း ကျော်ဖြတ်ရန် ဘာညာပြောင်ရှင်းအသင်းက ကြိုး ဝါးထားပုံရသည်။ အမှန်လည်း အမှီလိုက်နိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။ ဘာပဲပြောပြော ဘာညာပြောင်ရှင်းအသင်းက လက်ကျန်သက်တမ်း ၂ နှစ် နား ကပ်လာလေလေ ရမှတ်တွေ တိုးလာလေလေ ဖြစ်သည်။

ဘာညာပြောင်ရှင်းအသင်းက အမှတ်တိုးလာချိန်တွင် ဒီမိုမယ်တင် အသင်းကတော့ ရမှတ်များ ဆုံးရှုံးမှုကို ကြုံတွေ့နေရရှာသည်။ လူကျွံ ထောင်ချောက် ခဏခဏမိနေသည်သာမက ပယ်နယ်လ်တီပါ အကြိမ်ကြိမ် ပေးနေရခြင်းက အထိနာလွန်းလေသည်။

ထိုသို့သဖြင့် နှစ်ပေါင်းနှစ်ဆယ်ကျော် ကွာဟခဲ့သော အမှတ်စာရင်း မှာ နီးကပ်သယောင် ရှိလာတော့သည်။

ရှိလာသည်ကိုလည်း မပြောနှင့် ဘာညာပြောင်ရှင်းအသင်းမှာက ကစားသမားကောင်းတွေ အလွန်အများ ပိုင်ဆိုင်ထားသည်။ တိုက်စစ်မှူး

'လူချသူ'ဆိုလျှင် ခေါင်းပြောင်သလောက် အလှည့်အပတ် အလိမ်အခေါက် ကောင်းသူဖြစ်သည်။ ဒါတင်မက ခေါင်းတိုက်ပြီး ဂိုးသွင်းသည့်နေရာတွင် အံ့မခန်းကျွမ်းကျင်သူဖြစ်၏ ။ ပယ်နယ်လ်တီဧရိယာအတွင်း ရောက်ပြီဆို လျှင် ဒိုင်ပင်ပစ်တတ်သည့်နေရာမှာလည်း နှစ်ယောက်မရှိ။ ထိုသို့ ကျွမ်း ကျင်မှုများကြောင့် တိုက်စစ်မှူး'လူချသူ'၏ နာမည်မှာ တစ်ရှိန်ထိုး ကြီးလာ တော့သည်။ ဘယ်လောက်အထိ ကြီးသလဲဆိုလျှင် ကမ္ဘာကျော် တိုင်းမ် မဂ္ဂဇင်း၏ မျက်နှာဖုံးမှာတောင် ဖော်ပြခံရသည်အထိ။

ထိုတင်မက ဘာညာပြောင်ရှင်းအသင်း၏ အလယ်တန်းကစားသမား များကလည်း ဟိုမဒီမတရုံးရုံးဖြင့် အရောက်ပို့တတ်သူများ ဖြစ်ကြသည်။ နောက်တန်းကစားသမား 'ရဲရှုပ်'ဆိုလျှင် တံတိုင်းသဖွယ် မျက်နှာပြောင် တိုက် ကာကွယ်တတ်သူ ဖြစ်လေ၏ ။

တစ်ဖက်အသင်းက စွမ်းဆောင်ရည်မြှင့်လာသည့်အချိန်တွင် ဒီမိုမယ် တင်အသင်းမှာ အထက်ကဆိုခဲ့သလို ပယ်နယ်လ်တီအပေးခံရလိုက် လူကျွံ ထောင်ချောက် မိလိုက်ဖြင့် ပတ်လည်ရိုက်နေသည်။ ဒီကြားထဲ ဒီမိုမယ်တင် အသင်းမန်နေဂျာက 'လွှတ်အခွင့်အရေး' 'ဖဲရားပလေး'ဟု လုပ်နေချိန်တွင် ဘာညာ ပြောင်ရှင်းအသင်းက ဘာမပြောညာမပြော ဘောလုံးကောက်ယူပြီး ဂိုးသွင်းပစ်တာခံရသည်မှာလည်း ခဏခဏ၊ အဓိကတိုက်စစ်မှူးများမှာလည်း ဂိုးပေါက်ပျောက်နေပြီး ဂိုးသွင်းခါနီး တိုင်း လူကျွံဘောဖမ်းတာ ခံနေရရှာ သည်။

ထိုသို့ဖြင့် နှစ်သင်းကြားအမှတ်ကွာဟမှု ကျဉ်းသထက် ကျဉ်းလာ တော့သည်။

ဘာပဲပြောပြော ဘာညာပြောင်ရှင်းအသင်းက နှစ်ပေါင်းနှစ်ဆယ်ကျော် ကွာဟနေသော အမှတ်စာရင်းကို အမီလိုက်နိုင်ရန် အခွင့်အလမ်းကောင်း များရှိနေသည်။ အသင်းမန်နေဂျာ မောင်ပြောင်ရှင်းဆိုလျှင် အေးရာအေး ကြောင်းလေးဖြင့် အသာနှပ်နေတတ်သူဖြစ်၏ ။ ကိုပြောင်ရှင်းက နေရာယူတဲ့

နေရာ၌ သိပ်တော်သည်။ ပါးနပ်သည်။ အခွင့်မသာလို့ကတော့ သူဘယ် တော့မှ ကွင်းဘေးကိုမထွက်။ နည်းပြခုံမှာ အသာလေး 'ဥ'နေသည်။ အခြေအနေကောင်းပြီဆိုချိန်မှ တစ်ခွန်းလောက် ထပြောလိုက်သည်။ အမှတ်တိုးလောက်ဖို့ သေချာမှ လက်ကလေးပြ အသာအယာပြန်ထိုင်နေလိုက် သည်။

ကဲ... ဘယ်လောက် ပါးနပ်တဲ့ နည်းပြဆရာလဲလို့...

မည်သို့ပင်ဆိုစေကာမူ။ နှစ်ပေါင်းနှစ်ဆယ်လောက် ကွာဟနေသော အမှတ်စာရင်းအရတော့ အနည်းငယ်ကွာခြားမှုက ရှိနေဆဲဖြစ်သည်။ သို့ပေ မယ့် ကိစ္စမရှိ။ ဘာညာပြောင်ရှင်းအသင်းက အသာစီးယူနိုင်သည့် အနေအထားတွေရှိနေသည်။ ဘာညာပြောင်ရှင်းအသင်း၏ အဓိကအားသာချက် တွင် မြှောက်ဘောကျွမ်းကျင်မှုလည်းပါသည်။ မြှောက်ဘောကျွမ်းကျင်သူ တရုံးရုံး အလယ်တန်းကစားသမားတွေလည်း ရှိနေသည်မဟုတ်လား။ 'လူကြိုက်ဘော'အထာကို နပ်သည့်နေရာတွင် ဘာညာပြောင်ရှင်းအသင်း က နှစ်ယောက်မရှိ။ အထူးသဖြင့် ပရိတ်သတ်နှင့် ဒိုင်လူကြီးများ၏ အညှာ ကို ကိုင်တွယ်ပုံ ကိုင်တွယ်နည်းက လက်ကျန်နှစ်များတွင် ပိုမိုသွက်လက် လာသည်။

ဘာညာပြောင်ရှင်းအသင်း၏ အားသာချက် နောက်တစ်ခုလည်း ရှိသေးသည်။ အဲ့ဒီအရာက တခြားမဟုတ်။ အနီကတ်ထိနိုင်သည့် ကစား သမားများမျိုးဆိုလျှင် ကြိုတင်၍ လူစားလဲလိုက်ခြင်းဖြစ်သည်။ ဒီမိုမယ်တင် အသင်းကတော့ ဒီလိုမဟုတ်။ လူစားလဲဖို့နေရာတွင် နှောင့်နှေးလွန်းသည်။ ပွဲစဉ်ကတော့ မပြီးသေး။ အခြေအနေကတော့ စိတ်ဝင်တစား စောင့် ကြည့်ချင်စရာကောင်းလွန်းသော အနေအထားဖြစ်သည်။ နှစ်ပေါင်းနှစ်ဆယ် လောက်က ကွာဟနေသော အမှတ်ကွာခြားမှုအား ဘာညာပြောင်ရှင်းက ဘယ်လိုကျော်ဖြတ်မလဲဆိုသည်က မြန်မာမရေရာလိဂ် ပရိတ်သတ်ကြီး အတွက် စိတ်ဝင်စရာကောင်းလွန်းသည်။

မည်သို့ပင်ဆိုစေ၊ ဘာညာပြောင်ရှင်းအသင်းတွင် အလှည့်အပတ်

ကောင်းသည့် တိုက်စစ်မှူး 'လူချသူ'လို ကစားသမားတွေရှိသည်။ ကွင်းလယ် က အရောက်ပို့တက်သော 'ရဲရှုပ်'လို ကစားသမားမျိုးတွေ ရှိသည်။ ဒါ တင်မက မြှောက်ဘောကျွမ်းကျင်သူတွေရှိသည်။ နည်းပြဆရာကလည်း ပါးနပ်သည်။ ဒီမိုမယ်တင်အသင်းလို လူကျွံဘောလည်း သိပ်မမိ၊ ပယ် နယ်လ်တီ အပေးခံရတာ လည်း မရှိဆိုတော့ နှစ်နှစ်ဆယ် အမှတ်ကွာဟမှု ကို လိုက်မီနိုင်ချေ ရှိနေသည်။ ပရိတ်သတ်နဲ့ ဒိုင်လူကြီးတွေရဲ့ အညှာကို ကိုင်တွယ်နိုင်မှုကလည်း အရေးပါသည် မဟုတ်လား။

ဒီမိုမယ်တင်အသင်းကတော့ လက်ကျန်ခုနှစ်တွေမှာ လူကျွံထောင် ချောက်တွေ မမိဖို့၊ ပယ်နယ်လ်တီ ခဏခဏအပေးမခံရဖို့၊ အနီကတ် မထိဖို့ သတိထားကစားသွားရတော့မည် ဖြစ်သည်။

သေချာသည်ကတော့ 'ဘာညာပြောင်ရှင်း'အသင်းမှာ ဂိုးသွင်းကောင်း သူတွေ ဂိုးသွင်းဖို့ နောက်ကပံ့ပိုးပေးနိုင်သူတွေ သိပ်များနေပြီ မဟုတ်ပါ လား...

*

မြန်မာမရေရာလိဂ်ကြီး၏ ပွဲစဉ်ကလည်း ပြီးဆုံးဖို့ နီးကပ်လာသည် နှင့်အမျှ ဘာညာပြောင်ရှင်းနှင့် ဒီမိုမယ်တင်တို့ ကစားပွဲက ပိုမိုမြင့်ဆိုင် လာသည်။ ရင်ခုန်စိတ်လှုပ်ရှားစရာတွေ အပြည့်ဖြစ်လာသည်။

အချိန်က ပြည့်ဖို့နီးလာတော့ ဒီမိုမယ်တင်အသင်းအနေနဲ့ အေးစက် စက်ကစားနေလို့ကလည်း မဖြစ်တော့ တိုက်စစ်ကို အစွမ်းကုန်မြှင့်လာရ သည်။ ဒီမိုမယ်တင်အသင်းက တိုက်စစ်ကိုမြှင့်ပြီး ကြိုးစားလာတော့ ဘာညာပြောင်ရှင်းအသင်းအနေနဲ့ ဂိုးမပေးရရေးအတွက် အသည်းအသန် ပိတ်ကစားပြန်သည်။

ကွင်လယ်ခံစစ်ကစားသမား 'ရဲရှုပ်'က ကြုံရာဖျက်ထုတ်သည့်နည်းလမ်းဖြင့် တိုက်စစ်ကို ဟန့်တားသည်။ တစ်ခါတစ်ရံ ပြောင်ပြောင်တင်းတင်း လက်နဲ့ပုတ်ထုတ်ပြီး ကာကွယ်လိုက်တာမျိုးအထိ အခြေအနေများတောင် ရှိလာသည်။

ဒီကြားထဲတိုက်စစ်မှူး 'လူချသူ'က နာမည်နဲ့လိုက်အောင် လူချကစားလာသည်။

သူ့ဝသီအတိုင်း ခြေထိုးလက်ထိုးတွေ သိပ်လုပ်လာသည်။ အခြေအနေကတော့ အတော့်ကို ကျပ်ကျပ်တည်းတည်း အနေအထား။

အခြေအနေမကောင်းရင် ဒိုင်ပွဲရပ်လုပ်ပစ်လိုက်ဖို့ ကွင်းဘေးမှာ အဆင်သင့် ရပ်စောင့်နေသော ကွင်းချုပ်ကြီးကလည်း ရှိနေသည်။ ဆိုတော့ကာ ဒိုင်မိုမယ်တင်အသင်းအဖို့ ချောင်သလိုလိုဖြင့် ကျပ်တည်း၊ ကျပ်တည်း နေသလိုလိုနဲ့ လက်ခုပ်သံရအခြေအနေမျိုးကို ကြုံနေရသည်။

ဒီကြားထဲကွင်းဘေးက နှစ်ဖက်ဘောကောက်များကလည်း အခွင့်ရရင် ရသလို ညစ်တွန်းတွန်းကြတာတွေက ရှိသေးသည်။ ဒီထက်ဆိုးတာက ဂိုးတိုင်နောက်ကနေပြီး ဘောပွဲအရေး လေ့လာသုံးသပ်သူများဖြစ်သည်။

'ပင်နာတီမပေးလို့' 'ပေါ်တင်ကြီးလူချတယ်' 'ပေးစရာရှိတာ မြန်မြန်မပေးဘူး' 'ခံစစ်ကို ပြန်တည်ဆောက်' 'တိုက်စစ်ကိုလူလဲဖို့လုပ်'စသည်ဖြင့် နှစ်ဖက်ဘောအရေး ကျွမ်းကျင်သူများ၏ အသံဖြင့် ကျွက်ကျွက်ညံနေတော့ သည်။

ဒီထက်ဆိုးသည့် အခြေအနေများလည်း ရှိနေသေးသည်။ တခြားမဟုတ်။ ဘောအရေးကျွမ်းကျင်သူများ ရှိသလို ဘောမသူများရှိနေခြင်း ကွင်းပြင်ကနေ ဘောထိုင်မနေသော သူများကလည်း ရှိနေခြင်းကလည်း

မြန်မာမရေမရာလိဂ်ကြီးကို ပိုရှုပ်ထွေးစေသည်။ 'ကွင်းကစားနည်း ပြုပြင်ပြောင်းလဲရေးလုပ်နေတာမှာ ဘာညာပြောင်ရှင်းအသင်း လက်နဲ့ ပုတ်လိုက် တာကိုခွင့်လွှတ်ပေးရမယ်' 'ကစားသမား ၂၅ ယောက်ပိုနေတာကို ချက်ခြင်းဖြုတ်ခိုင်းလို့ဘယ်ဖြစ်မလဲ။ ဒိုင်ပွဲရပ်ဖြစ်မှာဆိုးရတယ်' အဲ့သလို 'မ'နေကြသော ဘောမများလည်း ရှိကြသည်။

ဒီလိုအချိန်မှာ ဘာညာပြောင်ရှင်းအသင်း အသင်းမန်နေဂျာ မောင်ပြောင်ရှင်းကလည်း ပုံမှန်အတိုင်း ပါးပါးနပ်နပ်ရှိနေတုန်း မကြာခဏပွဲကြည့်စင်ရှေ့ထွက်လိုက် 'ပရိတ်သတ်ကြီး ဆန္ဒပါ'လို့ ပြောပြီး ပြန်ထိုင်နေလိုက်ဖြင့် ဟုတ်နေသည်။

မြန်မာမရေရာလိဂ်မှာ တခြားစိတ်ဝင်စားစရာ ကိစ္စတွေကလည်း ရှိနေသေးသည်။ အဲ့ဒါတွေက တခြားတော့မဟုတ် ခရီနီကွမ်းယာသည် 'သေရွာပြန်ဦးဂျိုထ'နှင့် 'သူရိယအရက်ပုလင်း' အတင်းတုတ်ဂျာနယ်က 'အားပြဲမိုးမဲ'တို့ရဲ့ ရန်ပွဲဖြစ်သည်။ တစ်ခါတစ်ရံ သူတို့တိုက်ပွဲအသံက ဆူညံလွန်းသဖြင့် ဘောလုံးပွဲစဉ်ကအသံတောင် ခပ်တိမ်တိမ် ဖြစ်သွား တတ်သည်။ သူရိယအရက်ပုလင်းဂျာနယ်က 'အားပြဲမိုးမဲ'ကလည်း ရှင်း သည်။ ခရီနီမှန်သမျှကွမ်းယာသည် ရေခဲချောင်းသည် ပဲပြုတ်သည်မချန် တိုက်ထုတ်မည်ဆိုပြီး ငါးစိမ်းသည်စတိုင်ဖြင့် တိုက်ပွဲဝင်ပြနေသူဖြစ်သည်။

မည်သို့ပင် ကွင်းဘေးက အသံသေးအသံကြောင်တွေက ဆူညံနေစေကာမူ အချိန်တန်တော့လည်း မြန်မာမရေရာလိဂ်ကတော့ စိတ်လှုပ်ရှားဖွယ်ရာအခြေအနေက တဖြည်းဖြည်းအရှိန်မြင့်တက်လာလျက် ရှိနေသည်။

ဟိုးအစကဆိုခဲ့သလို ဘာညာပြောင်ရှင်းအသင်းအနေနဲ့ နှစ်ပေါင်း ၂၀ လောက် ကွာဟနေသော အမှတ်စာရင်းအား အမီလိုက်နိုင်ရန် ကြိုး စားနေသလို ဒိုင်ပွဲရပ်အနိုင်အရှုံးအား ဖေါ်ဆောင်လိုက်လေမလားဆိုသည် ကလည်း ဝေဝါးစရာ...

ဘာပဲပြောပြော ဘာညာပြောင်ရှင်းအသင်းနဲ့ ဒီမိုမယ်တင်တို့ နှစ်သင်း စလုံးကတော့ အဆုံးအဖြတ်ဂိုးများ မပေးရရေးနှင့် ပွဲသိမ်းအနိုင်ဂိုးရရှိရေးကို အစွမ်းကုန်ကြိုးစားနေကြသည်။

ဘာညာပြောင်ရှင်းအသင်းကလည်း ကွင်းလယ်ခံစစ် အလိမ်အခေါက် ကစားသမားများရဲ့ ညာခြေဘယ်ခြေအစွမ်းများဖြင့် ကြိုးစားကစား နေကြသလို ဒီမိုမယ်တင်အသင်းဘက်ကလည်း တဇွတ်ထိုးကစားသမား များဖြင့် တိုက်စစ်ကို အစွမ်းကုန်မြှင့်ပြီး ကစားလျက် ရှိနေသည်။

ပွဲစဉ်က ပြီးဆုံးဖို့ အချိန်နီးကပ်လာတာနဲ့အမျှ နှစ်ဖက်အသင်းရဲ့ လူစားလဲလှယ်မှု ပြုလုပ်ခြင်းကတော့ တည်ငြိမ်လာသည်။ ဘယ်အချိန် ရောက်မှ လူစားလဲပြီး အချိန်ဆွဲကြမလဲဆိုတာတော့ မသိနိုင်သေး။ ဒါပေမဲ့ ပွဲကြည့်ပရိတ်သတ်များကြားမှာ ရုတ်ရုတ် ရုတ်ရုတ်ဖြစ်ပြီး ပွဲအရှိန်က လျှော့သွားရတဲ့ ဖြစ်ရပ်မျိုးကလည်း ကြုံနေရသေးသည်။ ဒါမျိုးကို ဖန်တီး တဲ့နေရာမှာတော့ တိုက်စစ်မှူး 'လူချသူ'က ကျွမ်းကျင်သည်။ ပရိသတ်တွေ အုံခဲနေ သောနေရာနားရောက်မှ မိုက်ခနဲလှဲချလိုက်တာမျိုး၊ လူအုံနေတဲ့ ကြားထဲကို ဖိနပ်ရောဘောလုံးရော ပစ်ထည့်လိုက်တာမျိုး အဲ့ဒီလိုမျိုးတွေ ထလုပ်တတ်သည်။

ပွဲကတော့ တော်တော်ကြည့်ကောင်းနေတဲ့ အနေအထားလို့ ဆိုနိုင် သည်။ ဒီကြားထဲ အမြင်ကတ်လောက်တဲ့အထိ 'လော်ဘီ'လုပ်ခြင်း ဖြစ်ရပ် များလည်း တွေ့ရသေးသည်။ ပွဲစဉ်ခဏနားတဲ့ အချိန်မျိုးဆို လော်ဘီ ကစားသမားများက 'ငါတို့ မန်နေဂျာကြီးက အရမ်းချစ်ဖို့ကောင်းတာ အာဘွား' လို့ဆိုပြီး ပြောင်လက်နေအောင် ဝိုင်းနမ်းကြတာရှိသလို ဒီမို မယ်တင်ဘက်က လော်ဘီကစားသမားများကလည်း အားကျမခံ 'မယ် မယ်တင်မှ မယ်မယ်တင်ပဲ' ဆိုပြီး အသံကုန်ဟစ်ကြွေး ပွေ့ဖက်တတ် ကြသည်။

ပွဲစဉ်က စိတ်ဝင်စားစရာ အပြည့်ဖြစ်နေသည်။ ရင်ခုန်ဖွယ်ရာအတိ ဖြစ်နေသည်။ အချိန်ကလည်း တဖြည်းဖြည်းကုန်ဆုံးတော့မည်။ နာကျင်

အချိန်ပိုသို့ပင် ရောက်ရှိလာတော့မည်။ ကြားကာလမှာ ဒိုင်ပွဲရပ် အခြေအနေမျိုးဖြစ်မသွားရန် လိုနေသလို (၂) သင်းလုံး အနီကတ်တွေ မထိဖို့က လည်း ဂရုစိုက်နေရသည်။

ပွဲစဉ်အခြေအနေကတော့ ပရိသတ်တွေ စိတ်လှုပ်ရှားစရာအကောင်းဆုံးအချိန်ဖြစ်နေသည်။ ဒါတင်မက ပွဲကြည့်ပရိသတ်ပဲ ဆက်လုပ်ရမလား ကိုယ်တိုင်ကွင်းထဲ ဝင်ကန်လိုက်ရမလားဆိုသည့် အခြေအနေမျိုးလောက်ထိ ပရိသတ်တွေ စိတ်လှုပ်ရှားစေသည် အားမလို အားမရဖြစ်စေသည်။

ဘာပဲဖြစ်ဖြစ် ဘာညာပြောင်ရှင်းအသင်းနဲ့ ဒီမိုမယ်တင်အသင်းတို့ မည်သူကမည်သူ့ကို ဘယ်လိုအနိုင်ယူပြီး ကျော်ဖြတ်သွားကြမလဲဆိုတာတော့ ဆက်လက်စောင့်ကြည့်နေရဦးမည်သာ ဖြစ်သည်။

**ရေးသား/ပြီးစီးချိန် ; ၂၀၁၃ ၊ နိုဝင်ဘာ**

**ဉာဏ်မှူးရာ ဂျာနယ်**

*